# The Freedom Story

# လွတ်လပ်ခြင်း ပုံပြင်





သံလွင်မြင့်
Than Lwin Myint

ကာတွန်းသရုပ်ဖော် - သီဟ [စခန်းသစ်]
Illustrated by
Thiha (Sa Khan Thit)


## นิทานอิสรภาพ


ผู้เขียน-ต่าน ลหวิ่นมยิ่น
ภาพวาด-ตี่ฮะ(สะคานติ๊ด)


เป็นนิทานที่กล่าวถึงหน้าที่ความรับผิดชอบ เสรีภาพ และความสำคัญของการมีอิสรภาพ


สำนักพิมพ์... Third story project
จำนวนหน้า...35

Third Story Project
သဒ်စတိုရီပရောဂျက်မှ
ထုတ်ဝေသည်။

# လွတ်လပ်ခြင်းပုံပြင်

# The Freedom Story




သံလွင်မြင့်

Than Lwin Myint

ကာတွန်းသရုပ်ဖော် - သီဟ (စခန်းသစ်)

Illustrated by Thiha (Sa Khan Thit)



တတိယအမြင်ပုံပြင်များစာစဉ်နှင့် စေတနာရှင်လူငယ်များ(ရန်ကုန်) မှပူးပေါင်းထုတ်ဝေပါသည်။

တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project

ထုတ်ဝေသူ - ဒေါ်အိပွင့်ရှီဖ် (၀၁၇၉၃)
သဒ်စတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၉၁)၊ ပထမထပ်၊ လမ်း ၄၀ (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြဲ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။

တစ်ရက်တော့ နောင်နောင် တစ်ယောက် ထနောင်းပင်ကြီး ကိုင်းပေါ်မှာ ထိုင်နေစဉ်မှာ စွေ့ငှက်ကလေး မယ်စွေ့ ရောက်လာတယ်။ "ကိုနောင်ရေ ဘကြီးဝေဟင် မလာဘူးလား။ သမီးတို့သူ့ကို လိုအပ်တယ်"
"ညီမလေးတို့ ဘကြီးဝေဟင်က တရားအားထုတ်နေတယ်ကွ။ ဒါကြောင့် ကိုနောင့်ကို သူ့ကိုယ်စား လွှတ်လိုက်တာ။ အေးအေးဆေးဆေး ခရီးထွက်ရတာပေါ့။ ငန်းတွေနဲ့နေတုန်းကတော့ အပစ်ခံလိုက်ရသေးတယ်" လို့ ပြန်ပြောပြတယ်။
"သမီး မောင်လေးနဲ့ ညီမလေး ပျောက်သွားလို့ပါ ကိုကြီးရယ်၊ ကူရှာပေးပါဦး" လို့ မယ်စွေ့က ပြောတယ်လေ။
ဂဠုန်လေး နောင်နောင်ဟာ သူတစ်ပါးကိစ္စတွေကို ဝင်ပါရတာ စိတ်ညစ်ပေမယ့် အဖေ့တာဝန်ဆိုတော့ ကူညီမယ်လို့ ကတိပြုလိုက်ရတယ်။ သူ့ကိုယ်သူလည်း စွေ့ငှက်ပုံစံပြောင်းပြီး မယ်စွေ့နဲ့လိုက်သွားတယ်။

မိသားစုဝင်တွေ ပျော်နေကြတဲ့ ငှက်တွေက အများကြီးပါလား။ ဘီလုံးငှက်ကလေးကလည်း သူ့မေမေ ပျော်လို့တဲ့။ သာလိကာလေးကလည်း သူငယ်ချင်းတွေ အများကြီး ပျော်နေသတဲ့။ ဆက်ရက်လေးတွေကတော့ ဒေါသထွက်ပြီး တကျီကျီ အော်နေကြတယ်။ ဒေါင်းကလေးကတော့ ငိုလို့။ စွေ့ငှက်လေးအဖြစ်နဲ့ နောင်နောင်လည်း သူတို့ အုပ်စုထဲကို ရောက်နေတယ်။ ဘယ်လို ကူညီရမှန်း မသိဘူးပေါ့။ အဲဒီအချိန်မှာ မထင်မှတ်တဲ့ အဖြစ်တစ်ခု ကြုံခဲ့ရတယ်။ ပိုက်ကွန်ကြီးတစ်ခုက သူတို့အပေါ်ကို ကျလာခဲ့တယ်။

လွတ်လပ်မှုကို သိပ်နှစ်သက်တဲ့ နောင်နောင်ဟာ သူတစ်ခါမှ မမြင်ဖူး မကြားဖူးတဲ့ လှောင်အိမ်ဆိုတဲ့ နေရာထဲမှာ ရောက်နေခဲ့ပါပြီ။ ကျဉ်းကျပ်တဲ့ လှောင်အိမ်ကို ဘာဖြစ်လို့ အသုံးပြုနေကြတယ်ဆိုတာ သူနားမလည်နိုင်ဘူးလေ။ "သမီး မောင်လေးနဲ့ ညီမလေးလည်း ဒီလို လှောင်အိမ်ထဲကို ရောက်သွားတာ ဖြစ်မယ်" လို့ စွေ့ငှက်မလေးက ပြောတယ်။ သူဘာများ လုပ်ပေးနိုင်မလဲလို့ နောင်နောင် စဉ်းစားတယ်။ ဟုတ်ပြီ။ ဂျွန်လေး နောင်နောင် အကြံရပြီ။

နောင်နောင်ဟာ ကမ္ဘာပေါ်မှာ အသေးဆုံးဖြစ်တဲ့ ငှက်မျိုးနွယ်ဝင် ငှက်ပိတုန်းလေး ပုံစံပြောင်းလိုက်တယ်။ လှောင်အိမ်ထဲကနေ အပြင်ကို ထွက်သွားတာပေါ့။ ငှက်ဖမ်းသမားကြီးနဲ့ သူ့တပည့်တွေက ငှက်သေးသေးလေးကို တွေ့သွားတယ်။ “ငှက်ကလေးကို ရအောင် ဖမ်းကြဟေ့။ ဒါမျိုးက ရှားတယ်။ ဈေးကောင်းရမှာပဲ” ဆိုပြီး အော်ကြတယ်။ နောင်နောင်က ဘာလုပ်လိုက်တယ် ထင်လဲ။

ကမ္ဘာဦးက ရောမ ဒိုင်နိုဆောနွယ်ဝင် တီရိုဆောရပ်စ် ငှက်ကြီးအသွင် ပြောင်းလိုက်တယ်။ ငှက်ဖမ်းသမားတွေလည်း ကြောက်ပြီး ချက်ချင်းပဲ ထွက်ပြေးသွားကြတယ်။ ဒိုင်နိုဆောငှက်ကြီးက သံလှောင်အိမ်ကို အသာလေး ရိုက်ဖွင့်လိုက်ပါတယ်။ ငှက်ကလေးတွေက လွတ်လပ်မှုရဲ့ အရသာကို ပြန်လည်ခံစားရပြီလေ။ နောင်နောင်လည်း ရင်ထဲမှာ ခံစားမှုအသစ်တစ်ခုကို ရရှိလိုက်တယ်။